# နေနွယ်စရွှေး

## အသက်လိုပါပဲချစ်လာခဲ့



ပန်းမိုးမောင်ကျော်ညွှန့်အဖွဲ့

# အခန်း ( ၁ )

'တွေ့လား... တွေ့လား၊ ကိုကို မေ့နေမှာ ပါလို့ ၊ မေဦး မပြောဘူး လား'

မေဦးဆံ ခေါင်းကလေး တစ်ခါခါနှင့် ပြောသည် မို့ သူ့ဆံပင် ကုပ်ဝဲ ကလေးက ဝဲခနဲ ဖားခနဲ ဝေသွားရလေ၏။

သည် နေ့... မေဦးဆံ မွေးနေ့ပါ။

မေဦးဆံက သူ့မွေးနေ့မှာ ကမ္ဘာပေါ်တွင် တစ်ဦးတည်းနှင့် အချစ်ဆုံး ကိုကို့ထံမှ မွေးနေ့လက် ဆောင်ကို နံနက်အိပ်ရာထ မျက်စိနှစ်လုံး ပွင့် သည် နှင့် အဆင်သင့် တွေ့ချင်၏။ ကြိုပေးထားလို့ လည်း မရချေ။ မေ ဦးဆံ လက်မခံပါ။

'မေဦး အိပ်ရာက နိုးနိုးချင်း မေဦးအခန်းထဲမှာ တခမ်းတနား ရော က်နေပြီးသား ဖြစ်ရမယ်နော်၊ တခမ်းတနား ဆိုတာ သိလား... လက် ဆောင်ထုပ် အကြီးကြီးကို ပြောတာ'

အဲသည် လို ပြောခဲ့ဖူးပေါင်း များ ပြီ။

မိုးဦးဆံကလည်း အမြဲမေ့တတ်၏။ ညီမလေးကို တုန်နေအောင် ချစ် တာတော့ ပြောစရာ မရှိပါ။ သားချင်း ရှားရှားပါးပါး၊ ဉာမောင်နှမ နှစ် ယောက်တည်းလေ။ ဖေဖေ ဦးညိုဆံ တိမ်းပါးပြီး ကတည်းက ဖေဖေ့လ က်ငုတ် စီးပွားရေး လုပ်ငန်းတွေထဲ မိုးဦးဆံ၏ လုပ်အားရော၊ စိတ်အား

ပါ နှစ်မြှုပ်ပစ်လိုက်ရ သလို၊ ညီမလေး၏ တာဝန်ပါ လုံးဝ ယူလိုက်ရသည် ။

သို့ပေမဲ့ မိုးဦးဆံခမျာ အလုပ်များ ရှာသည် မို့ မေဦးဆံ အိပ်ရာနိုးချိန် နံနက်ခြောက်နာရီ အမီ၊ ငါးနာရီခွဲလောက်မှာ လက်ဆောင်ထုပ် လာထားဖို့ တာဝန် မကျေနိုင်ခဲ့တာ များ ၏။ မိုးဦးဆံက သည် အိမ် မှာ မနေပါ။ မြို့ထဲမှာ ဖွင့်လှစ်ထားသည့် ကုန်ပဒေသာ တိုက်ကြီးမှာ ပဲ စီးပွားရေး အတွက်ရော၊ လုံခြုံရေး အတွက်ပါ နေ့ရော ညပါ နေရ၏။

မေဦး မွေးနေ့မတိုင်မီ တစ်ရက်ကြိုရောက်ပြီး မေဦး နေထိုင်ရာ ရွှေတောင်ကြားတိုက်မှာ ညအိပ်ဖို့ အတွက်လည်း ခဲယဉ်း၏။ မြို့ထဲ ကုန်တိုက်အတွက် ညစောင့်အိပ်ပေးဖို့ စိတ်ချရသည့်လူ ရှာရပါဦးမည်။ ကုန်ပဒေသာတိုက် ဆိုသည့်အတိုင်း ပစ္စည်းတွေကို ပဒေသာပင် သီးသည့်နှယ် အချိုးတကျ ချိတ်ဆွဲထားရ သည် ။ အရေအတွက် များ ပြားသလောက် အမျိုးအစားစုံသည့် ပစ္စည်းတွေကို ည ဖြုတ်သိမ်း၊ မနက် ပြန်ဆင် ဆိုတာမျိုးလည်း မလုပ်နိုင်ပါ။

အရောင်းစာရင်း၊ ပစ္စည်းစာရင်းကို လှန်လှော မကြည့်ပါဘဲ အဝတ်တစ်ခု၊ အထည်တစ်စ ဆိုသလို ပျောက်သွားမည် ဆိုလျှင်လည်း ချက်ချင်း မသိနိုင်ပါ။ သည် တော့... လူယုံလို၏။ လူယုံတွေ ချည်းကော ပစ်ထားလို့ ရမတဲ့ လား။

'သားကြီးက အရမ်း အလုပ်များ တာ သိရဲ့ သားနဲ့ ကွယ် သမီးလေးကလည်း '

မေမေ ဒေါ်နှင်းပန်းဆံက သမီးကို ချစ်စနိုးစွာ ကြည့်လျက် ပြုံး၍ ပြော၏။ လေယူလေသိမ်းက အေးဆေး တည်ငြိမ်သည် ။ ဦးညိုဆံ မရှိကတည်းကပါ။ မိဘတွေက ဖြူဖြူဖွေးဖွေး သမီးလေးကို 'နှင်းပန်း'ဟု မှ

ည့်ခေါ်ခဲ့သည့် တစ်ဦးတည်း သူဌေးသမီး ချောချောလေးမို့၊ နှင်းပန်းကို ယ်တိုင် ငယ်စဉ်က မဦးဆံလေး ပုံစံပါပဲ။

သွက်လက်ချက်ချာပြီး ကလေးပုံစံကလေးက နှစ်ဆယ်ကျော်သည့် တိုင် မပျောက်ခဲ့ပါ။ ကလေး တို့ ဖေဖေ 'ကိုညိုဆံ'နှင့် မိဘတွေက တ ကူးတက ရွေးချယ်ပြီး အိမ်ထောင်ချပေးခဲ့စဉ်က ဆိုလျှင် နှင်းပန်းလေး လူးလိမ့်ငိုခဲ့ရတာကို ဒေါ်နှင်းပန်းဆံ ပြန်ပြောင်း သတိရမိသည် ။

နောက်တော့လည်း ... လေးစား ကြည်ညိုဖွယ် အရည်အသွေးပြည့် အစ်ကိုကြီးကို မြတ်နိုး တွယ်တာစွာ ချစ်မက်သွားရတာပါပဲ... ။ အစ်ကိုကြီး အသက်ထင်ရှား ရှိစဉ်က ဒေါ်နှင်းပန်းဆံမှာ သားပျို သမီးပျို တွေနှင့် တောင်မှ ကလေးပေါက်စသာသာ နေခဲ့ရတာပါ။ အစ်ကိုကြီး မ ရှိတော့မှ ပုံစံကို ပြောင်းပစ်လိုက်မိသည် ။ တကူးတက ပြောင်းပစ်တာ တော့လည်း မဟုတ်ပါ။

စိတ်ကိုက သွက်လက် ထက်မြတ်လိုစိတ် ကင်းကာ၊ စကားပြောလ ည်း အေးအေး၊ လှုပ်ရှားယိမ်းနွဲ့ တော့ ဖြည်းဖြည်းဆိုတာမျိုး အလိုအ လျောက် ဖြစ်သွားခဲ့ရသည် ။ ဒေါ်နှင်းပန်းဆံ ခုမှ လူကြီး ဖြစ်ရတာပါ ဟု ပြောလျှင်တောင် ရနိုင်၏။ သည် တော့... အမေ့သမီး မဦးဆံကလေး က ကလေးစိတ် မပျောက်တာ ဆန်းတော့လည်း မဆန်းပါဘူးလေ။

'ဟွန်း... သူ့အလုပ်ကလည်း ... များ ပဲ များ နိုင်လွန်းတယ်၊ ဘယ် လောက်များများ မဦးမွေးနေ့မှာ တော့ မများ ရဘူး'

'သမီးလေး... မျက်နှာသစ်ချေဦးလေ'

ဒေါ်နှင်းပန်းဆံက ပြုံး၍ ပြော၏။

ဟုတ်သား... ခုထက်ထိ မျက်နှာမသစ်ရသေးတာကို သတိရသွားသ

ည် မို့ အဟဲ... ဟု မေဦး ရှက်ရယ် ရယ်သည် ။ ရယ်တော့... စူစူထော် ထော် နှုတ်ခမ်းလေး ပြေကျ၏။

ဩော်... လှလိုက်သည့် သမီးလေး။

စင်စစ်... ဒေါ်နှင်းပန်းဆံက အသားသာ ဆွတ်ဆွတ်ဖြူလျက်၊ မျက်နှာပြင်ပေါ်ရှိ ပစ္စည်းများ ၊ မျက်နှာကျ စသည် တို့ မှာ ဦးညိုဆံက သာ၏။ ဦးညိုဆံကျတော့ နာမည်နှင့်လိုက်ဖက်စွာ အသားညိုရှာ သည် ။ ယောကျ်ားသားမို့ အသားညိုတာ အပြစ်တစ်ခု မဟုတ်တော့ဘဲ၊ မျက်ခုံး မျက်လုံး ပြောစရာမရှိသူ အဖြစ် ခန့်ချောကြီး ချောခဲ့သူပါ။

မေဦးဆံက ဖေဖေ့မျက်နှာ မေမေ့အသားတို့ ကို ရယူပိုင်ဆိုင်၏။ မေ မေ့မျက်နှာနှင့် ဖေဖေ့အသား ကို ရယူပိုင်ဆိုင်ထားသည် မို့ မိုးဦးဆံက...

'လူလည်မလေး၊ အကောင်းတွေချည်း ရွေးယူသွားတယ်'ဟု ဆိုကာ သိပ်ချစ်ရှာတာပါ။

'ငါ့ကျတော့ အညံ့တွေ စုရတယ်ကွာ'ဟု လည်း ညည်းတတ်သေးသ ည် ။

'ဒါ... ဖေဖေ့ကို အသားမည်းတယ်၊ မေမေ့ကို မျက်နှာမလှဘူးလို့ ဆို လိုတာပေါ့လေ၊ မိဘကို စော်ကားနေပါပြီ၊ အရေးယူပါ'

မေဦးဆံ တဖွဲ့တနွဲ့ အော်တိုင်သည့် အခါမှာ မိုးဦးဆံ ရယ်နေခဲ့သည် ။ မိစုံဖစုံ ဘဝကတည်းက ညီမ ဆိုးချစ်ကလေးကို အရမ်းချစ်ခဲ့ရသည် မို့ ၊ ဖေဖေ မရှိသည့်အခါမှာ ပိုလို့ ပိုလို့ တောင် ချစ်သနားရပါသေး သည် ။ သို့ပေမဲ့ မိုးဦးဆံမှာ တကယ် အလုပ်များ တာပါ။

'မြို့ထဲ ကုန်တိုက်မှာ ကလည်း သူ မရှိလို့ မဖြစ်ဘူး၊ စက်ရုံထဲ ကျ တော့လည်း တစ်နေ့ တစ်ခေါက် တော့ မှန်မှန် ပြေးရရှာသေးတာ သမီး

လေးရဲ့ ’

အုတ်ကျင်းမှာ ပလတ်စတစ် စက်ရုံတစ်ခု ပိုင်သေး၏။ ယောက်ျားစီး ၊ မိန်းမစီး ဖိနပ်ပုံဆန်း မျိုးစုံကို ထုတ်လုပ်သည် ။ ယိုးဒယား၊ တရုတ်၊ ဂျပန်တို့ မှ လာသည့် ဖိနပ်တွေနှင့် ရွေးမရအောင် တူသလို၊ ခိုင်ခံမှုနှင့်တကွ အရည်အသွေးကျတော့လည်း တန်းတူ၏။

‘လောဘကြီးနေတာကို၊ ပင်ပန်းမှာ ပေါ့… လောဘကြီးတာ ဘုရားမကြိုက်ဘူး သိလား၊ မသနား ပါဘူး’

နှုတ်ခမ်းက ပြန်စူသွားရပြန်၏။ ဒေါ်နှင်းပန်းဆံက ချစ်စနိုးစွာ ရယ်သည် ။ ကြီးကြီးကျယ်ကျယ် ပြောတာလေးကိုပဲ ချစ်နေရပြန်သည် ။

‘မျက်နှာသစ်တော့လေ၊ ကော်ဖီ သောက်ရအောင်’

‘ဟင့်အင်း၊ ဖုန်းသွားဆက်ဦးမယ်’

‘မျက်နှာမသစ်ဘဲ တခြားဟာတွေ လျှောက်လုပ်ရင် သမာဒေဝနတ်တွေ မကြိုက်ဘူး သမီးလေး ရဲ့ ’

‘နေ့တိုင်း မေဦးက ရှစ်နာရီမှ အိပ်ရာက ထ နေကျပါ။ မေဦး မျက်နှာသစ်ချိန်ကို ရှစ်နာရီလို့ မေမေ့ နတ်တွေက သတ်မှတ်ပြီးသားပါ မေမေရဲ့ ’

မေဦးဆံ မေမေ့ကို ပြေးဖက်ကာ ရင်ခွင်ထဲ ခေါင်းခွေ့၏။ ဒေါ်နှင်းပန်းဆံက ကျောကုန်းလေးကို သပ်ပေးဖြစ်သွားရ၏။

‘ပုပ်ပုပ်ကျစ်ကျစ်စော်လေး… နံ့လို့ နော်’

‘မနံပါဘူး၊ မေဦးမှ ညာမပြောတတ်တာ၊ တစ်ရေးနိုးလည်း မေဦးပါးစပ်က မွှေးနေတာပဲ’

‘အေးပါ… အေးပါ’

‘မေဦးက တစ်နှစ်မှာ မှ မွေးနေ့တစ်ရက်ထဲ ခြောက်နာရီထတော့ နတ်တွေက မေ့နေမှာ ပါ၊ ရှစ်နာရီ ထိုးမှ မျက်နှာသစ်ရင် အတော်ပဲ မေမေရဲ့ ၊ အဲဒါ အချိန်မှန်’

‘အေးပါ… လူလည်မလေး’

‘အသွက်မလေးလို့ ပြောပါ၊ မေမေကလည်း … လူလည်မလေးဆိုတော့ မေဦးကပဲ ဆိုးသလိုလို’

‘အသွက်မလေးပါတဲ့ ကွယ်… သွား၊ ဖုန်းဆက်ရင် ကိုကို့ကို ရန်မလုပ်နဲ့ ဦးနော်’

‘ဟင်… ရန်လုပ်ဖို့ ဆက်မယ့်ဥစ္စာ… မေမေကလည်း ’

သားကြီးကို လှမ်းသနားလိုက်ပါသေးသည် ။ သူ့ခမျာ ညက အိပ်ရေးများ ပျက်ရှာမလား။ ဆိုင်ပိတ်မှ စာရင်းရေး စာရင်းတွက်ရသည် မို့၊ ရောင်းကောင်းသည့် နေ့ဆို ညစာစားချိန်တောင် မရရှာသည့် သားကြီး။ အိပ်ရေးပျက်လို့ အိပ်တုန်းဆိုလျှင် ဖုန်းသံကြောင့် အိပ်ရေးမဝ ဖြစ်ရရှာတော့မည်။ သမီးလေး၏ ရန်ထောင် ပြူစူစကားကြောင့် မိုးလင်းခါစ စိတ်အနှောင့်အယှက် ဖြစ်ရရှာတော့မည်။

ဖုန်းဆက် ရန်ဖြစ်မည့်သူမှာ အခြားလူ တစ်ဦးသာ ဆိုလျှင်တော့ ဒေါ်နှင်းပန်းဆံ တားဖြစ်အောင် တားမှာ ၊ မရအရကို တားမှာ သေချာ၏။ ခုတော့ သမီးလေး မေဦးက သူ့ ကိုကိုကို အိပ်ရာထဲက နှိုးပြီး ရန်တွေ့မှာတဲ့ လေ။ သမီးလေးကျတော့လည်း လုပ်ပုံကိုင်ပုံလေး… ကလေးဆန်လှချည့် ဆိုကာ အတိုင်းမ သိ ချစ်နေမိတော့တာပါပဲ။

ဒေါ်နှင်းပန်းဆံက မိခင် မဟုတ်လား။ မိဘမေတ္တာ ပြည့်ဝစွာနှင့်လေ

။

'ဟင်... ကိုကို မရှိဘူး... ဟုတ်လား'

တစ်ဖက်မှ ပြန်ထူးသူက ဦးညိုဆံ လက်ထက်ကတည်းက သားတပည့်လို ဖြစ်နေသည့် ရိုးရိုး သားသား ရှုးတူး ပေါတော ဖိုးချမ်း ဖြစ်နေ၏။

'ဘယ်သွားလဲ၊ ကိုကိုက ဒီလိုပဲ တိုက်ကြီးတစ်ခုလုံး ပစ်သွားနေကျလား၊ မေမေ့ကို တိုင်မယ်'

' မဟုတ်ဘူး မေဦးရဲ့ ၊ စက်ရုံကို သွားတာ၊ ညကတည်းက ဟိုမှာ ပြဿနာပေါ်လို့ '

'အဲဒီပြဿနာကလည်း မေဦးမွေးနေ့ အကြိုတစ်ရက်မှာ မှ ထ ပေါ်ရသတဲ့ လား။ ဆိုးတဲ့ ပြဿနာပဲ'

'ဆိုးတယ် မေဦးရဲ့ '

'အင်းလေ... အရမ်းဆိုးတာ'

'ဆိုးတာမှ ဟိုက မန်နေဂျာနဲ့ မပြီးလို့ ကိုမိုး လိုက်သွားရတာပေါ့'

'အို... အဲဒီအဆိုးကို ပြောတာ မဟုတ်ပါဘူး'

'ဘယ်လို ဆိုးတာလဲတော့ မသိဘူး၊ ကိုမိုး ပြောမသွားဘူး'

'တော်ပြီ... ကိုချမ်း ရှင်းရင် ရှုပ်ပြီ'

'ရှင်းရတာကိုက ရှုပ်လို့ ပဲဟာ'

' မဟုတ်ဘူး ၊ ကိုချမ်း ရှင်းလို့ ရှုပ်တာ'

'ရှုပ်လို့ ရှင်းရတာပါ'

'တော်ပြီ... တော်ပြီ၊ ကိုကိုက စက်ရုံမှာ ရှိတာ သေချာတယ်နော်'

‘သေချာတယ်လို့ ထင်ရတာပဲ’

မေဦးဆံ… တယ်လီဖုန်းကို ပစ်ချလိုက်တော့သည် ။

‘အဲဒီ ကိုချမ်းတော့ စိတ်ကုန်တယ်’

နှုတ်ခမ်းစူ မပျက်ဘဲ မေမေ့ထံ ပြန်ရောက်လာ၏။

‘မရှိဘူးတဲ့ လေ’

‘ဘယ်သွားသတဲ့ လဲ’

မိုးဦးဆံ သည် လိုသွားနေကျ မဟုတ်သည် မို့ ဒေါ်နှင်းပန်းဆံ ရင်ထဲ ထိတ်ခနဲ ပူ၏။

‘စက်ရုံတဲ့ ’

‘ဩော်’

စက်ရုံဆိုတော့ စိတ်နည်းနည်း အေးသည် ။

‘မေဦး လိုက်သွားမှာ ပဲ’

‘သမီးလေးရယ်… ဟိုမှာ အလုပ်တွေ များ နေသလားမှ မသိတာ’

‘တစ်နှစ်မှာ သုံးရာခြောက်ဆယ့်ငါးရက် ရှိတာ မေဦးမွေးနေ့ တစ်ရက်တော့ အလုပ်နားပေ့ါ၊ နင့်မို့ဆို ကိုကို ဘယ်လောက် ပင်ပန်းမလဲ’

‘အင်း… အနားယူရမယ့်ရက်က ဆန်းတယ်နော်’

မေမေက ချစ်စိတ်ဖြင့် ကျီစယ်၏။

‘ခုမှ ခြောက်နာရီနဲ့ မိနစ်လေးဆယ် ရှိသေးတယ်၊ မေဦး မျက်နှာသစ်တော့မယ်။ ဒီနေ့ တစ်နာရီနဲ့ မိနစ် နှစ်ဆယ်တိတိ စောပြီး မျက်နှာသစ်တဲ့ မေဦးကို သမ္မာဒေဝ နတ်ကောင်း နတ်မြတ်တွေက ချီးကျူး မှာ ပဲ’

‘ဟုတ်ပ့ါမလား သမီးလေးရဲ့ ၊ နတ်တွေက ရှစ်နာရီထိုးတော့မှ နတ်ပြည်ကနေ ငုံ့ကြည့်မိမှာ မဟုတ်လား၊ ဒီအချိန် မျက်နှာသစ်နေကျ မဟုတ်တော့ ကြည့်ဖြစ်မယ် မထင်ဘူး’

‘မကြည့်ပစေနဲ့ လေ၊ ရှစ်နာရီမှ ကြည့်တော့ မေဦးက မျက်နှာသစ်ပြီး နေပြီ၊ မေဦး ချီးကျူးခံ ရမှာ ’

‘ဟုတ်ပ့ါမလား၊ အဲဒီအချိန်ဆို သမီးလေးက စက်ရုံထဲရောက်ပြီး အစ်ကို့ကို ရန်တွေ့နေတာနဲ့ တန်းတွေ့ရင်၊ နတ်တွေက စိတ်ဆိုးသွားရင် ဘယ့်နှယ် လုပ်မလဲ’

‘ရှစ်နာရီတိတိမှာ ခဏရပ်ပြီး မေဦး ပြုံးပြုံးလေး နေမယ် မေမေ’

‘ဟောဒီ သမီးလေးကတော့လေ’

မိခင်မို့ သားသမီးဆို ဆိုးလည်း ချစ်၊ ကောင်းလည်း ချစ်၊ အရေးမကြီးတာကို အရေးတကြီး လုပ်ပြနေလည်း ချစ်၊ မိုက်ရင်တောင်မှ မိုက်ရှာလေခြင်းဟု သနားနေဦးမှာ ပါ။

*